



# ကြည်ဖေါး

ပေါက်ကျော်ဖို့ ပုံ

mgyoe.com

mgyoe.com



# ကြည်အေး

ပေါက်ကျော်ဖို့ ပုံ

ကြည်အေးပြန်ဆိုခဲ့သော
ရှားပါးလက်ရာ
အန်းဒါးဆင်းပုံပြင် ၃ ပုဒ်
အမှတ်တရစုစည်းခြင်း။

KA0015
2,300.00 KS

mgyoe.com

mgyoe.com

ပေါက်ကျော်ဖို့ပုံ၊ ကြည်အေး
မျက်နှာဖုံးပန်းချီ - ဘငွေးကြည်
စာမျက်နှာ ၈၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်


# ပေါက်ကျော်ဖိုးပုံ
# ကြည်အေး

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



# မာတိကာ

ရေသူမကလေး ၃




ဝက်ထိန်းသမား ၄၇



သိုးကျောင်းသူနှင့်
ကျပ်ခိုးတိုင်လှည်းသမား ၆၉

mgyoe.com





mgyoe.com

mgyoe.com

## ပေါက်ကျော်ဖိုးပုံ (၁)

# ရေသူမကလေး

ရှေးရှေးတုန်းက ရေသူတွေနေကြတဲ့ ပင်လယ်ပြင်ကျယ်ကြီးထဲက တစ်နေရာမှာ ပင်လယ်ရေဟာ ပြောင်းပွင့်လှလှကလေးလို ပြာသတဲ့။ ဖန်စ မှန်စကလေးများလိုလည်း ကြည်သတဲ့။ အင်မတန်လည်း နက်ရှိုင်းလို့ ပင်လယ်အောက်ဆုံးကနေပြီး မျှော်စင်တွေ ရာထောင်မက တစ်ခုပေါ်တစ်ခု ဆင့်ပါမှ ပင်လယ်ရေမျက်နှာကို ရောက်နိုင်မတဲ့ ကျော်လေးရဲ့။ ပြီးတော့ ပင်လယ်ရေအောက်မှာ ဘာမှမရှိပါဘူး။ သဲပြင်ချည်း နေမှာပါလို့ မတွေးလေနဲ့ဦး။ သဲပြင်ချည်း ဘယ်ဟုတ်နိုင်မလဲ။ အံ့ဩစဖွယ် လှပဆန်းကြယ်တဲ့ သစ်ပင်ပန်းမန်များ ပေါက်ရောက်နေလေရဲ့။ သစ်ရွက် ကိုင်းခက်များဟာ ပေ့ါပေ့ါကလေးတွေမို့ ရေလှိုင်းကလေးများ သိမ့်ခနဲ ပီပီလှုပ်ရုံနဲ့ အသက်ရှိတဲ့အမူအရာနဲ့ လွင့်ပါး လှုပ်ယှက်ကြတယ်။ သစ်ရွက်ကြို သစ်ရွက်ကြားမှာတော့ ငါးကြီးငါးငယ်တွေဟာ လှပလှပြီး သစ်ရွက်ကိုင်းခက်ကြားမှာ ငှက်တွေ ပျံကူးကြသလို လျှောခနဲ လျှောခနဲ ကူးကြတယ်တဲ့။

ရေသူဘုရင်ရဲ့ နန်းတော်ကတော့ ရေအနက်ဆုံးနေရာမှာ ရှိတယ်။ နန်းတော်နံရံတွေက သန္တာအတိပြီးတဲ့ပြင် ရှည်လျားပြီး ဦးချွန်တဲ့ ပြတင်းပေါက်များကို ပယင်းနဲ့ လုပ်ထားသတဲ့။ နန်းတော်ခေါင်ကိုတော့ ကနုကမာနဲ့ မိုးလေတော့ လေသုတ်လိုက်လို့ လှိုင်းလုံးကြီးများ တစ်ချက်လောက်အိလာပြီဆိုရင် ကနုကမာခွံတွေ မပြတ်ဟလိုက်၊ စေ့လိုက်နေကြတာမို့



mgyoe.com

ngyoe.com

အတွင်းက ပုလဲလုံးတွေ ရွှေရည်၊ ငွေရည်လှဲနေတဲ့ အရောင် ထွက်လာတာ ပေါ့။ အဲသည်အထဲက ဘုရင့်ဦးသျှောင်မှာစီတဲ့ ကျောက်သံပတ္တမြားကြီးမှာ အဖိုးထိုက်ဆုံးနေပေလိမ့်မယ် ကျော်ရဲ့။


ရေသူဘုရင်ကြီးက မုဆိုးဖိုကြီးမို့ မအေအိုကြီးက အိမ်ထောင်ကို သိမ်းရတယ်။ မအေအိုကြီးဟာ မင်းသွေးစစ်စစ်မို့ မာနကလည်း မိုးမျှော်အောင် ကြီးတယ်၊ ကြီးထိုက်တယ်လေ။ တခြားရေသူမှန်သမျှ ဘယ်လောက် အဆင့်အတန်းမြင့်နေနေ ခရုခွံခြောက်ခွက်ပဲ အမြီးမှာ ဆင်ခွင့်ရသော်လည်း သူကတော့ ဆယ့်နှစ်ခွက်တောင် ဆင်ရပေတာမို့ပေါ့။ ဒါပေမဲ့ သူဟာ အမြော်အမြင်တော့ရှိတယ်။ နေရာတကာမှာ ပြောစရာတစ်ကွက်မရှိအောင်ဘဲ တော်တယ်။ အထူးသဖြင့် မြေးကလေးခြောက်ယောက်အပေါ် ထားရှိတဲ့မေတ္တာဟာ ကြီးမားလှပါရဲ့။ ရေသူမင်းသမီးကလေး ခြောက်ယောက်ကလည်း အလှကလေးတွေချည်းဖြစ်ပြီး အငယ်ဆုံးကလေးကတော့ လှခေါင်ကြူးလို့ ခေါ်ထိုက်သတဲ့။ အသားကလေးက နှင်းဆီပွင့်ဖတ်ကလေးလို နူးညံ့မွတ်အိပြီး မျက်လုံးကလေးများဟာ ပင်လယ်ရေပြာရောင်ရင့်သလောက် ရင့်တယ်။ ဒါပေမဲ့ ရေသူမျိုးပေမို့ ခြေထောက်မပေါက်ရှာလေဘူး။ ရေသတ္တဝါ ငါးပမာပဲ အဖျားမှာ သွယ်ရှူးပြီး မြီးထူကလေးနဲ့နေရှာတယ်။

ကလေးတွေဟာ နန်းတော်ခန်းဆောင်ကျယ်ထဲမှာ တစ်နေကုန်ကစားပြီး နေတတ်ကြတယ်လေ။ ပတ်လည်နံရံမှာတော့ ပန်းလှလှတွေ ပွင့်ပေါက်နေကြတာပေါ့။ ပယင်းပြတင်းများ ဖွင့်လိုက်ရင်တော့ လူ့ပြည်က အခန်းတွေ အတွင်းကို ပျံလွှားတွေ လမ်းမှားဝင်လာသလို ငါးကလေးတွေက ကူးလာကြပါရော။ ငါးတွေက ပျံလွှားထက်ရဲတယ် ကျော်ရဲ့။ မင်းသမီးကလေးတွေ ဆီ ဆိုက်ဆိုက်မြိုက်မြိုက် တိုးလာပြီး လက်နဲ့ ခွံ့ကျွေးတာလည်း စားတာပဲ။ ပွတ်သပ်ပေးလည်း ငြိမ်ခံတာပဲ။

နန်းတော်ရှေ့က ဥယျာဉ်ကြီးထဲမှာတော့ အပြည့်အနက်ပေါက်နေကြတဲ့ တချို့သစ်ပင်တွေဟာ တောမီးလို ရဲရဲနီပြီး တချို့က ညလို ပြာမှောင်တယ်။ သစ်သီးများက ရွှေလိုဝါပြီး ပန်းပွင့်များက နေလို ထွန်းလင်းပေးတယ်။ ဥယျာဉ်မြေအခင်းဖြစ်တဲ့ သဲပြင်ကတော့ နီလာရောင်အဆင်းမို့



mgyoe.com



mgyoe.com



mgyoe.com

mgyoe.com

အပေါ်လွှာရေကလည်းပြာ၊ အောက်ကရေကလည်းပြာဆိုတော့ ရေအောက်မှာ နေရတယ်တောင် မထင်နိုင်ဘူး။ မိုးပြာအမြင့်ထဲ ရောက်နေသလားလို့ ထင်မှားရတယ်။ ရေငြိမ်နေစဉ်ဆိုရင်ဖြင့် နေလုံးဟာ ခရမ်းရောင်ပန်းပွင့်နဲ့ တူပြီး ပန်းပွင့်ဖတ်ခွက်ထဲက အလင်းရောင်ဟာ ကမ္ဘာလောကပေါ် စီးဖြာလို့ ကျတာကို အတိုင်းသား မြင်နေတာပေါ့။

ဥယျာဉ်ထဲမှာ မင်းသမီးကလေးတစ်ယောက်ကို မြေတစ်ကွက်စာ ရကြတယ်။ သဘောရှိသလို စိုက်ပျိုးဖို့ပေါ့။ တစ်ယောက်က ဝေလငါးပုံ အကွက်ရိုက်ပြီး ပန်းပင်စိုက်တယ်။ တစ်ယောက်က ရေသူမပုံ၊ အငယ်ဆုံး ကလေးကတော့ နေသဏ္ဍာန်လုံးဝန်းတဲ့ပုံကို ရွေးချယ်ပြီး စိုက်ပြန်တော့ နေရဲ့ အရောင်ကို သူ ထင်မြင်ရှာတဲ့ အနီရောင် ပန်းပွင့်ပင်များမှ စိုက်သတဲ့။ အတော်ဆန်းတယ်ပေါ့။ အင်မတန်အေးချမ်းပြီး သူ့စိတ်ကူးနဲ့ပဲ သူ နေတတ်ပြန်တယ်။ သဘော်ပျက်နဲ့ကြုံလို့ ပစ္စည်းဆန်းကလေးများရရင် တခြားညီမ ဖော်တွေက ကိုယ်မှာဆင်သလို့မဆုံးဘူး။ သူကတော့ လူသားကျောက်ဆစ် ရုပ်ကလေးပဲ တောင်းခံပြီး သူ့မြေကွက်မှာ စိုက်တည်ထားသတဲ့။ ပြီးတော့ ကျောက်ဖြူရုပ်နံဘေးမှာ နီရဲတဲ့ ကျောက်ခက်ပင်တစ်ပင် စိုက်တယ်။ ကျောက်ခက်ပင်ဟာ တစ်ခဏချင်း ကြီးလာပြီး ခက်လက်များနဲ့ မြေကို လွှမ်းပြီး ငြိလေတော့ အမြစ်နုများနဲ့ ဖက်ယမ်းမိတယ်ထင်ရအောင် ခက်လက်များရဲ့ ခရမ်းညို့ရိပ်များဟာ ကစားနေတော့တာပေါ့။

မင်းသမီးလေးဟာ ရေလွှာအပေါ်ဆီက လူသားတွေအကြောင်းများ နားထောင်လို့ မငြီးနိုင်ရှာဘူး။ သဘော်ဆောက်ပြီး ပင်လယ်ကူးကြတာတွေ၊ မြို့တည်ပြီး နေထိုင်ကြတာတွေ၊ တိရစ္ဆာန်ကောင်တွေ ခိုင်းစေလို့ နေကြတာ တွေကို အဘွားလုပ်သူနားကပ်ပြီး ပြောပြခိုင်းတယ်။ လူ့ပြည်က ပန်းပွင့်တွေ ဟာ မွှေးကြိုင်တယ်ဆိုတာ သိရတော့ဖြင့် သိပ်သဘောကျနေတော့တာပဲ။ ပင်လယ်ပန်းတွေက ရနံ့မှမရှိဘဲကိုး ကျော်ရဲ့။ ပြီးတော့ သစ်တောတွေဟာ စိမ်းတယ်လားပေါ့။ ရောင်စုံတောက်ပတဲ့ သစ်ခက်ကိုင်းတွေကြားမှာ ငါးတွေ ကလည်း ပျံတယ်လားပေါ့။ အသံကျယ်ကျယ်နဲ့ သီချင်းပီအောင် ဆိုတယ် လားပေါ့။ တကယ်တော့ အဘွားကြီးဆိုလိုတာက ငှက်တွေပါ။ ကလေးမ



mgyoe.com

mgyoe.com

က ငှက်မမြင်ဖူးရှာလို့ နားမလည်မှာစိုးလို့ ငှက်အစား ငါးလို့ပြောရတာ။

"ငါ့မြေးအသက် ဆယ့်ငါးနှစ်ပြည့်တော့ ပင်လယ်ရေမျက်နှာပြင်ပေါ်ကို တက်ခွင့်ရမယ်။ ဒီတော့မှ လရောင်အောက် ကျောက်ဆောင်ပေါ်ထိုင်ပြီး သင်္ဘောတွေ ခုတ်သွားတာ၊ မြို့တည်ပြီး လူတွေနေကြတာ ကြည့်တာပေါ့" လို့ အဘွားက ပြောတယ်။

နောက်တစ်နှစ်ကြာတော့ သမီးဦးဟာ ဆယ့်ငါးနှစ်ပြည့်လို့ ဝမ်းသာစရာ ဖြစ်နေတာပေါ့။ ဒါပေမဲ့ မင်းသမီးလေးတွေဟာ တစ်နှစ်ကြီး တစ်နှစ်ငယ်စီပေါက်တာမို့ အထွေးဆုံးကလေးမှာ ငါးနှစ်စောင့်ရဦးမယ်ကျော်။ ဒါပေမဲ့ သမီးဦးက ဆယ့်ငါးနှစ်စေ့တဲ့နေ့မှာ ရေပြင်ပေါ်ဆီက ပြန်လာရင် မြင်ခဲ့သမျှ ပြောပြပါ့မယ်လို့ ကတိထားရှာတယ်။ အဘွားပြောတာကို နားထောင်ရတာ အားမှမရကြတာပဲ။

အထွေးကလေးလောက်တော့ ဘယ်သူမှ ငမ်းငမ်းတက်မဖြစ်ကြတာ မှန်တယ်။ သူကလေးဟာ ညညများမှာ ပြတင်းပေါက်ဖွင့်ပြီး ဝင်လာတဲ့ ငါးကလေးတွေ အလယ်ကနေပြီး ပင်လယ်ရေကြည်ပြာထဲ တိုးလို့ မော့ကြည့်ရှာတယ်။ နေမင်းနဲ့ လမင်းပဲ မြင်ရတာပေါ့။ ရေထဲမှာမို့ နေရောင်လရောင်များဟာ ဖျော့တော့ပြီး မြေပြင်မှာထက်ပိုပြီး အရွယ်ကြီးတယ်ထင်ရရဲ့။ နေမင်း လမင်းကြားမှာ အရိပ်တစ်ခု ဖြတ်သွားရင် ဒါဟာ ဝေလငါးပါပဲ။ လူတွေအပြည့်တင်တဲ့သင်္ဘောပါပဲ စသဖြင့် မှန်းဆရရှာတယ်။ လူတွေဆိုရင်လည်း သူတို့အောက် အနက်ရှိုင်းထဲမှာ ရေသူမကလေးတစ်ယောက်ဟာ သင်္ဘောဝမ်းဆီသို့ လက်ဖြူဖြူကလေးနှစ်ခုဆန့်တန်းပြီး အငမ်းမရ မျှော်မှန်းနေတယ်ဆိုတာ ဘယ်တွေးမိပါ့မလဲ။

မင်းသမီးအကြီးဆုံးကလေး ဆယ့်ငါးနှစ်ပြည့်လို့ ရေမျက်နှာပြင်က ပြန်လာတဲ့အခါတော့ ပြောပြစရာတွေ မနည်းပါလာတယ်လေ။ လရောင်မှာ ပင်လယ်ကမ်းခြေသဲသောင်ပေါ်ထိုင်ပြီး ပင်လယ်ဆိပ်ကမ်းမြို့ကလေးကို ကြည့်လို့ မီးရောင်တွေ ကြယ်လိုလက်တာ၊ တေးဂီတ တီးမှုတ်သံနားထောင်ရတာအပျော်ဆုံးပဲတဲ့။ လူတွေရထားလုံးစီးပြီးသွားတဲ့အသံတလဲလဲ ကြားခဲ့ရရဲ့။ ဘုရားရှိခိုးကျောင်း မျှော်စင်မြင့်မြင့်တွေလည်း မြင်ခဲ့ရရဲ့။ ခေါင်း



mgyoe.com



mgyoe.com

လောင်းသံလည်း နားထောင်ရရဲ့တဲ့။ အဲသည်ဆီ မသွားနိုင်ရှာသူမို့ ပိုပြီး စုံရေမက်ရေရှိတာပေါ့ ကျော်လေးရယ်။

ညီမအထွေးကတော့ ခေါင်းကို စိုက်နေသတဲ့။ ညကျလို့ ရေပြာပြာ ကြားကတိုးပြီး အပေါ်ကို ငေးမျှော်ရင်တော့ ဆူညံတဲ့ လူနေမြို့ကို အာရုံ စောလွန်းလို့ ဘုရားရှိခိုးကျောင်းက ခေါင်းလောင်းသံကိုတောင် ကြား သယောင်ယောင် ထင်မြင်သေးတယ်။

နောက်တစ်နှစ်ကြာတော့ ဒုတိယသမီးကလေးဟာ လိုရာကူးခတ် သွားလာခွင့် ရပြန်တယ်။ သူ ရေမျက်နှာရောက်ချိန်မှာ နေက ဝင်ဆဲမို့ သဘောအကျကြီးကျပြီး ရေပေါ်မှာ ဒါ အလှဆုံးလို့ ကြေညာချက် ထုတ် သလေ။

"ကောင်းကင်ဟာ ရွှေရောင်သမ်းပြီး တိမ်တွေအလှတော့ ပြောမပြ နိုင်ပေါင်အေ" လို့ သူကလေးက ဆိုတယ်။

"အခုနီ၊ အခု မရမ်းရောင်ပြောင်းပြီး ခေါင်းပေါ်က ဖြတ်ပြီး လွင့်တယ်။ နေအကျမှာ ငန်းတွေ ရေပြင်ပေါ် ဖြတ်လို့ပျံသွားတာကတော့ ပိုမြန်သအေ့။ လိုက်ပြီးကြည့်ပေမဲ့ နေလုံးပျောက်သွားပြီမို့ တိမ်စွန်ရေပြင်ပေါ်က နှင်းဆီ ရောင်တွေ မှိန်ကုန်တာပေါ့။ ဘာမှမမြင်ရတော့ဘူး"

တတိယမင်းသမီးကလေးအလှည့်ကျတော့ သူက- အရဲဆုံးမို့ မြစ် တစ်ကွေ့နောက်တောင် လိုက်တက်သွားသတဲ့။ မြစ်ကမ်းနဖူးက စပျစ်ခြံ



mgyoe.com

mgyoe.com

တွေနဲ့ သစ်တောအုပ်လို့ စိမ်းနေတဲ့ တောင်ငယ်တွေ၊ အဲသည်ကြားက တိုးထွက်ပြီး ပေါ်လွင်တဲ့အိမ်တွေ၊ ရဲတိုက်တွေ တွေ့ခဲ့တယ်။ ငှက်ကလေးများ သီချင်းဆိုသံလည်း ကြားခဲ့တယ်။ နေရှိန်က ပြင်းလွန်းလို့ ရေထဲပြန်ငုပ်ပြီး ငုပ်ပေးမှ သက်သာတယ်။ ဆိပ်တစ်ခုမှာတော့ ရေထဲမှာ ခုန်ပေါက်ကူးခတ်နေတဲ့ ကလေးငယ်တစ်သိုက်နဲ့တွေ့သေးတော့ ဝင်ပြီး ရောနှောကစားချင်ပေမဲ့ ကလေးတွေက ကြောက်လန့်ပြီး ထွက်ပြေးတယ်။ သတ္တဝါမည်းမည်း ကလေးတစ်ယောက်ကလည်း ဟောင်လေတာမို့ သူကိုယ်တိုင် ကြောက်လာပြီး ပင်လယ်ကို ပြန်ပြီးကူးပြေးခဲ့ရသတဲ့။ ဒါပေမဲ့ သစ်တောစိမ်းတွေ၊ တောရိုင်းတွေ၊ ဆူးတောင်မရှိဘဲနဲ့ မကြောက်မရွံ့ ရေကူးနေကြတဲ့ ကလေးတွေကို မမေ့နိုင်ပါဘူးလို့ ဆိုရှာတယ်။


စတုတ္ထမင်းသမီးကလေးကတော့ သိပ်မရဲဘူး။ ပင်လယ်က မကျော်ဘဲနေပြီး အိမ်ရောက်တော့ ဘယ်ဟာက ပိုပြီးများ လှနိုင်ဦးမှာလဲလို့ ထင်သတဲ့။ သင်္ဘောတွေကို အဝေးကြီးက ရွက်လွှင့်သွားတာ မြင်ရတာ စင်ရော်တွေနဲ့တူသတဲ့။ ငါးမန်းကြီးတွေ လူးနေတာလည်း မြင်ခဲ့တယ်။ ဇရာမ





mgyoe.com

mgyoe.com



ဝေလငါးကြီးတွေ နှာခေါင်းက မှုတ်ထုတ်လို့ ကျလာတဲ့ ရေပန်း ပြိုးပြက်တာလည်း မြင်ခဲ့တယ်။

ပဉ္စမ မင်းသမီးကလေးအလှည့်မှာတော့ ဆောင်းတွင်းမို့ ပင်လယ်ဟာ စိမ်းနေတယ်။ ရေမျက်နှာပြင်မှာ အိမ်လောက်ရေခဲတုံးကြီးတွေ ပေါလောမျော နေတယ်။ ဒါကို ပုလဲနဲ့ တူတယ်လို့ သူကလေးက အဲသည် ပုလဲတုံးကြီး တစ်တုံးပေါ် ထိုင်လိုက်ပြီး လေကြုံနဲ့ သူ့ဆံပင်ရှည်ကို လွင့်တယ်တဲ့။ သင်္ဘောတွေကတော့ အလန့်တကြားနဲ့ ရွက်လွှင့်ပြီး ရေခဲတုံးတွေနဲ့ လွတ်အောင် ပြေးကြတယ်။ ညနေစောင်းတော့ဖြင့် ကောင်းကင်ဟာ မိုးသားနဲ့ ထူထပ်ပြီး လျှပ်စစ်နွယ်တွေ ရဲခနဲပြက်၊ မိုးသားလည်း ထစ်လိမ့်တာမို့ သင်္ဘောတွေ ဟာ ရွက်ချပြီး ကိုးကွယ်ရာမရ ရှိကြသတဲ့။ သူကတော့ မြုပ်ချည်ပေါ်ချည် နေတဲ့ ရေခဲတုံးကြီးတွေပေါ်မှာ ထိုင်လိုက်မြဲလိုက်ရင်း ပြာလဲ့လဲ့ လျှပ်စစ် မျဉ်းကြောင်းကို အမှတ်မထင်ငေးနေခဲ့တယ်တဲ့ ကျော်ရယ်။




mgyoe.com

mgyoe.com

ညီအစ်မတွေဟာ ရေပြင်ပေါ်ရောက်စတော့ အံ့ဩစရာတွေ ကြည့်လို့ မဆုံးနိုင်ဘူးပေါ့။ မကြာခင်မှာတော့ ဟောင်းရိုးသွားပြီး ရေအောက်က ကိုယ့်နန်းတော်လောက် ဘယ်မှာမှ ပျော်စရာရှာမတွေ့တော့ဘူး။

ညနေစောင်းများမှာ ညီအစ်မအကြီးငါးဖော်ဟာ လက်တွဲပြီး ရေပြင်ပေါ် တက်တယ်။ သူတို့ရဲ့အသံကလည်း လူသားများထက် အဆမတန်ပိုမိုလို့ သာယာပါဘိသနဲ့။ မုန်တိုင်းဆင်ပြီဆိုရင်တော့ သင်္ဘောတွေရှေ့က ကူးခတ်လူးလာပြီး ပင်လယ်အောက်က ချမ်းသာခြင်းအကြောင်းကို ဖွဲ့နွဲ့သီဆိုပြီး သင်္ဘောသားတွေကို ဖြားယောင်းဖိတ်ခေါ်ကြတယ်။ သင်္ဘောသားတွေကတော့ သူတို့ရဲ့စကားကို နားမလည်ဘူးပေါ့။ ရေသူတို့ရဲ့ သီချင်းသံကို လေမြူးတဲ့အသံလို့ ထင်ကြတယ်။ ဒါနဲ့ ပင်လယ်အောက်က ပုန်းလျှိုးနေတဲ့ ခမ်းနားကြီးကျယ်ပုံတွေကို မြင်ဖို့ အခွင့်မရတော့ဘူးပေါ့။ တကယ်





mgyoe.com

mgyoe.com

တော့ သင်္ဘောပျက်လို့ ရေအောက်ရောက်ပြီး ရေသူတို့နန်းတော်ကို ဝင်ခွင့်ရလည်း ထူးဆန်းသမျှကို အသက်ရှင်လျက်တော့ မကြည့်မြင်နိုင်တော့ဘူး။

အငယ်ဆုံးကလေးကတော့ အစ်မတွေကို ငေးမျှော်ကြည့်ရင်း ဖခင်ရဲ့ နန်းတော်ထဲမှာ မလှုပ်မယှက်နဲ့ အထီးတည်းကျန်ခဲ့ရှာတယ်။ သူကလေးက ငိုချင်လှပေမဲ့ ရေသူတို့မည်သည် မငိုနိုင်။ မျက်ရည်မကျနိုင်တာမို့ ဒါကြောင့် စိတ်ဆင်းရဲခြင်းဖြစ်ရင် လူတွေထက်ပိုပြီး မတန်တဆ ခံစားကြရရှာတယ်။

"ဩော် ... ငါသာ ဆယ့်ငါးနှစ်ပြည့်ပါစေတော့။ လူ့ပြည်နဲ့ လူသားတွေကို ငါ သိပ်ချစ်မှာပါပဲကွယ်" လို့ ညည်းရှာတယ်။

နောက်တော့လည်း သည်လောက်စောင့်ခဲ့ရတဲ့ ကာလကို ရောက်လာရတာပေါ့။

"ညည်းအလှည့်ရောက်ပြီ။ လာ ... တခြား ညီအစ်မတွေလို ညည်းကိုလည်း ဆင်ပြင်ပေးရဦးမယ်"လို့ အဘွားလုပ်သူက ခေါ်ပြီး ပုလဲခြမ်းပွင့်ဖတ်တွေနဲ့ ဖြူဖွေးတဲ့ နှင်းပန်းခွေကို ခေါင်းကို စွပ်ပေးတယ်။ အဆင့်အတန်းမြင့်သူကလေးမို့ အမြီးမှာ ခရုခွံနှစ်ခွက် ချည်ပြန်တယ်။


"နေရကျပ်လိုက်တာ အဘွားရယ်" လို့ ကလေးမက ညည်းတော့ဖြင့် "လှချင်ရင် နည်းနည်းတော့ ဒုက္ခခံရတာပေါ့အေရယ်" လို့ ဆိုပြန်တယ်တဲ့။

ကလေးမက လေးလေးလံလံကြီးတွေမို့ မဝတ်ချင် မစားချင်ရှာဘူး။ သူ့မြေကွက်က ပန်းပွင့်နီကလေးတွေ သီပန်ရင် ပိုတောင်လှသေးရဲ့။ ဒါပေမဲ့ ဘာမှ မပြောရဲရှာသူမို့ နှုတ်ဆက်ပြီးပဲ ရေမြှုပ်ကလေးတစ်ဖတ်လို ရေပေါ်ကို တက်လာခဲ့တယ်။

ဘဝမှာ ပထမဆုံးအကြိမ် ရေမျက်နှာပေါ် ပေါ်လာရင်ပဲ နေဟာ မိုးကုပ်စက်ဝိုင်းအောက် နစ်စမို့ တိမ်တိုက်တွေက ရွှေရောင်၊ နှင်းဆီရောင်တွေ ရုပ်သိမ်းပြီး ညနေ ကြယ်က အနောက်ဘက်မိုးပျော့မှာ လင်းနေတယ်။ လေက ညင်သာပြီး လန်းဆတ်လေတော့ ရေပြင်ဟာ မှန်သားလို တည်ငြိမ်နေတော့တာပေါ့ ကျော်လေးရဲ့။ သုံးပင်တိုင် ရွက်သင်္ဘောကြီးတစ်စင်းက



mgyoe.com



mgyoe.com

တော့ ရေငြိမ်ပေါ်သွားနေပြီး တစ်ရွက်တည်းလွင့်ထားလေရဲ့။ လေက တစ်ချက်မှ အသက်မရှုဘူး။ သင်္ဘောသားတွေတော့ လှေကားထစ်တွေပေါ်၊ ကြိုးခွေတွေပေါ် ထိုင်ပြီး ငြိမ်နေကြပြန်သေးတယ်။

ကုန်းပတ်ပေါ်ဆီက တေးသံ၊ ဂီတသံ ကြားရလေရဲ့။ မှောင်လာတယ်ဆိုရင်တော့ မီးအိမ်ရာထောင်ဟာ ဖျတ်ခနဲ လင်းပြူလာပြီး အလံတွေလည်း တလူလူ လွင့်တက်လာတယ်လေ။ ရေသူမကလေးဟာ သင်္ဘောကပ္ပတိန်ရဲ့ အခန်းနားရောက်အောင်ကူးသွားပြီး ရေလှိုင်းကြောင့် သင်္ဘောမြင့်တက်လာတဲ့အခါ ပြတင်းမှန်ကိုဖောက်ပြီး ကြည့်မြင်ရတယ်။ အထဲမှာ ဝတ်ကောင်းစားလှနဲ့ လူတွေအများကြားမှာ မျက်လုံးနက်မှောင် ကျယ်ဝန်းတဲ့ အလှဆုံးမင်းသားကလေးကို သွားတွေ့တာပေါ့။ ဆယ့်ခြောက်နှစ်ထက် ကြီးဦးမှာမဟုတ်ဘူး။ သူ့မွေးနေ့အတွက် သဘင်ကျင်းပနေတာပဲ။ သင်္ဘောသားတွေ ကခုန်နေတဲ့ကြားက မင်းသားကလေး ရောက်လာတော့ မီးရှူးမီးပန်းတွေ လွှတ်လိုက်တာ ညဟာ နေ့လားလို့ ထင်ရသလေ။

ရေသူမကလေးမှာ ကြောက်လန့်ပြီး ရေထဲ ငုပ်နေရသေးတယ်။ ခေါင်းကလေးဖော်ကြည့်တော့ဖြင့် ကြယ်ဟူသမျှ သူ့ဆီ ကြွေဆင်းလာကြသလားထင်ရပါသတဲ့။ ဒါမျိုးကို မမြင်လည်း မမြင်စဖူး။ လူတွေဟာ သည်လိုကြီးမားတဲ့ တန်ခိုးရှိကြောင်း မကြားလည်း မကြားစဖူးပါပဲ။ နေအစင်းစင်းအေးလှည့်နေလေသလားပေါ့ ကျော်ရဲ့။ ငါးတွေကလည်း လေထဲအရောက်ခုန်ပေါက်ပြီး မြူးကြလေရဲ့။ ကြည်လင်တဲ့ ရေပြင်ပေါ် လင်းထိန်းပြီး အရိပ်တွေပေါ်လာလို့ အစုံမြင်ရလေတော့ ညရဲ့ တိတ်ဆိတ်ခြင်းနဲ့ ဂီတချိုသံသာဟာ ရောနှောဆဲ။ မင်းသားကလေးရဲ့ ပျော်ရွှင်နေပုံကို ရေသူမကလေးက တွေ့ရှာတာပေါ့။

ညဥ့်လည်းနက်လှပြီ။ ရေသူမကလေးကတော့ မင်းသားကလေးရှိတဲ့ သင်္ဘောနားက မခွာနိုင်ရှာဘူး။ လှိုင်းရိုက်တာခံရင်း ပြတင်းကပဲ ချောင်းကြည့်နေတယ်။ ခုတော့ ရေအောက်အနက်ရှိုင်းထဲက လှုပ်ရှားထကြွပြီး သင်္ဘောဟာ ခပ်မြန်မြန်လှုပ်ရှားနေတယ်။ ရွက်တွေဖွင့်ပြီး လှိုင်းက မြင့်လာ၊ ကောင်းကင်မှာ မိုးသားတွေ စုလာပြီး အဝေးက မိုးခြိမ်းသံ ကြားရ



mgyoe.com





mgyoe.com

mgyoe.com

တယ်။ မုန်တိုင်းဆင်လိမ့်မယ် ကျော်လေးရဲ့။ ဒါကြောင့် သဘော်သားတွေလည်း ရွက်တွေ လိပ်ရတာပေါ့။ သဘော်ကြီးဟာဖြင့် သောင်းကျန်းနေတဲ့ ပင်လယ်ပေါ်မှာ လေ့ငယ်လို လှိုင်းလူးတိုင်း မြောက်နေပြီ။ လှိုင်းတွေက တောင်လိုမြင့်ရာက ချောက်လို နိမ့်ဆင်းသွားပြန်တယ်။ ရေသူမကလေး အဖို့တော့ သိပ်ပျော်စရာကြီးပေါ့လေ။ သဘော်သားတွေမှာတော့ အက်ကွဲလာတဲ့ သဘော်ပျဉ်စပ်တွေ၊ ရွက်တိုင်ကြီးတွေတောင် ညွှတ်ကုန်တာတွေ၊ ရေတွေ ဆောင့်ဝင်လာတာတွေကို တွေ့ရတာပေါ့။ ခဏလောက် သဘော်လူးလိုက်ရတယ်။ ပင်မရွက်တိုင်ကြီးဟာ ကျူရိုးကလေးလို ကျိုးတော့တယ်။ သဘော်ဟာ မှောက်ပြီး ရေနဲ့လွှမ်းသွားတော့တာပါပဲ။


ရေသူမကလေးဟာ သဘော်သားတွေရဲ့ အန္တရာယ်ကို မြင်ရှာတယ်။ သူကိုယ်တိုင်လည်း သဘော်အပိုင်းအစများကို ကြည့်ရှောင်ရတယ်။ ဒါပေမဲ့ မှောင်ပိန်းနေတာမို့ ဘာမှ မသဲကွဲဘူး။ လျှပ်ဝင်းခနဲ ပြက်လိုက်ရင်တော့ မျက်စိထဲ လင်းသွားပြီး မင်းသားကလေးကို ရှာတယ်။ မင်းသားကလေးဟာ ရေနစ်ပြီး သူ့နန်းတော်ကို ရောက်လာတော့မှာပဲလို့ ပထမ ဝမ်းသာသလိုလိုရှိပေမဲ့ လူ့ဇာတိပေမို့ ရေသူတို့တိုင်းပြည်ကို အသေကောင်အဖြစ်နဲ့သာ လာရမှာကို ဘယ်ချစ်သူက ကြည့်နိုင်ပါ့မလဲ ကျော်လေးရယ်။

“သူ မသေရပါဘူးတော်” လို့အော်ပြီး အန္တရာယ်ကို မကြောက်ဘဲ အပျက်အစီးကြားက မင်းသားကလေးကို ရှာတော့ နစ်လုဆဲဆဲ မျက်စိတောင် မဖွင့်နိုင်တော့တဲ့ ခမျာကို သွားတွေ့တယ်။ ဒါနဲ့ သူ့ကို ဖေးခေါ်ပြီး ရေပေါ်ဖော့လို့ ရေစီးကြောင်းနဲ့ မျောခဲ့ရတာပေါ့။

မိုးလင်းချင်ရင်တော့ မုန်တိုင်းက ငြိမ်သွားပြီ။ သဘော်ရဲ့ အစအနတော့ ဘာမှမကျန်တော့ပါဘူး။ နေဟာ မီးတောက်လို ရေပြင်က ထလာတယ်။ နေရောင်နဲ့ မင်းသားကလေးရဲ့ ပါးပြင်ဟာ သွေးလျှမ်းလာတယ် ထင်ရပေမဲ့ မျက်စိတော့ မပွင့်ဘူး။ ရေသူမကလေးဟာ မင်းသားကလေးရဲ့ နဖူးကျယ်ကို နမ်းမိတယ်တဲ့။ စိုနေတဲ့ ဆံပင်ကို သပ်ပေးရတယ်။ ဩော်... သူ့မြေကွက်က ကျောက်ဖြူရုပ်ကလေးနဲ့ တူလေပြီရယ်လို့ ထပ်ပြီး နမ်းမိဆဲ။ အသက်ရှင်ပါစေရယ်လို့လည်း ဆုတောင်းရရှာတယ်။



mgyoe.com





mgyoe.com

mgyoe.com

သူကလေးဟာ ခြောက်သွေ့တဲ့ မြေပြင်နဲ့ ဆီးနှင်းဖုံးအုပ်တဲ့ တောင်တွေကို မြင်ရတယ်။ ကမ်းခြေတစ်လျှောက်မှာ သစ်တောအုပ်ဟာ တန်းနေပြီး သစ်တောဝမှာတော့ ဘုရားရှိခိုးကျောင်းလား၊ မယ်သီလရှင်ကျောင်းလားမသိ တွေ့ရတယ်။ တစ်စပ်တည်းနေတဲ့ ဥယျာဉ်ထဲမှာတော့ ရှောက်ပင်၊ လိမ္မော်ပင်တွေပေါက်လို့၊ ခြံဝဆီကိုတော့ ထန်းပင်ရှည်တွေ ပြန့်လာတယ်။ ပင်လယ်ဟာ သည်နေရာမှာ ကွေ့ဝင်လာပြီး ငြိမ်သက်သော်လည်း နက်ရှိုင်းတဲ့ ပင်လယ်အော်ကလေးဖြစ်နေပေတာကိုး။ ချောက်ကမ်းပါးအောက်မှာတော့ သိပ်သည်းတဲ့ သောင်မြေရှိတယ်။ ရေသူမကလေးဟာ အသေလိုဖြစ်နေတဲ့ မင်းသားကလေးကို သယ်ပြီး သည်ရောက်အောင် ကူးလာလို့ သဲနွေးနွေးဆီ ဆိုက်ရင်လည်း နေကို မျက်နှာလှည့်လျက်သားကျအောင် အသာချပေးရှာတယ်။

သူ့ရှေ့က ကြီးမားတဲ့ အဆောက်အအုံ အဖြူကြီးဆီက ခေါင်းလောင်းတွေထိုးပြီး မိန်းကလေးတွေ ဥယျာဉ်ထဲဆင်းလာကြတယ်။ ရေသူမကလေးဟာ ရေစပ်ကဆင်းပြီး ကျောက်ဆောင်မှာ ကွယ်နေတယ်။ သူ့မျက်နှာကလေးပေါ်သွားမှာစိုးလို့ ခေါင်းမှာလည်း ရေမြှုပ်ကလေးတွေ ဆောင်းထားလိုက်တယ်။ ပြီးတော့ မင်းသားကလေးကိုပဲ မဝနိုင်အောင် ကြည့်နေရှာတာပေါ့။

မကြာခင် မိန်းကလေးတစ်ယောက် ရောက်လာပြီး အသေလိုထင်ရတဲ့ မင်းသားလေးကိုမြင်တော့ လန့်သွားတယ်။ ပြီးမှ မိန်းမဖော်တွေကို ပြန်ခေါ်ရတယ်။ ရေသူမကလေးဟာ မင်းသားလေး အသက်ပြန်ရှင်တာ၊ ဘေးကလူတွေ သူ့ကို ပြုစုကြတာတွေ မြင်ရပါရဲ့။ မင်းသားကလေးကတော့ အသက်ကယ်ခဲ့တဲ့သူကလေးကို သိလည်းမသိ၊ ရှာလည်းမရှာတော့ဘူးတဲ့။ မင်းသားကလေးကို လူတွေ သယ်ဆောင်သွားကြတော့ ဝမ်းနည်းလွန်းလို့ ရေထဲ ချက်ချင်းငုပ်ပြီး ဖခင်ရဲ့နန်းတော်ကို ပြန်လာခဲ့သတဲ့ ကျော်ရဲ့။

ပြီးတော့ အလျှင်ကထက်ပိုပြီး ငြိမ်ငြိမ်နေတတ်ပြီး သူ့စိတ်ကူးတွေဟာလည်း လွင်နေတော့တယ်။ အစ်မတွေက အပေါ်မှာ ဘာတွေ တွေ့ခဲ့ရသလဲလို့ မေးတာလည်း ဘာမှပြန်မဖြေဘူး။



mgyoe.com





mgyoe.com

mgyoe.com

ညနေများမှာ မင်းသားကလေးကို ထားခဲ့ရတဲ့နေရာကို ပြန်လာပြီး ကြည့်တယ်။ တောင်ပေါ်က ဆီးနှင်းတွေ အရည်ပျော်ကျတာ မြင်ရပါရဲ့။ ဥယျာဉ်ထဲက သစ်သီးတွေလည်း မှည့်လို့ ခြွေကြ ကောက်ကြကုန်ပြီ။ မင်းသားကလေးကို မမြင်ရတော့ဘူး။ အမြဲတမ်း ဝမ်းနည်းပန်းနည်းနဲ့ ရေအောက် ကိုယ့်နေရာကို ပြန်လာရရှာတယ်။ သူ့မြေကွက်ကလေးက မင်းသားကလေးနဲ့တူတဲ့ ကျောက်ရုပ်ကလေးကို အမြဲတစေ ထိုင်လို့ကြည့်တာ တစ်ခုပဲ စိတ်ဖြေစရာဖြစ်ရတယ်။ သူ့ပန်းပွင့်တွေကိုလည်း ဂရုမစိုက်တော့ တာမို့ ပန်းမန်သစ်ပင်တွေဟာ အရိုင်းအလေ့ကျပေါက်ပြီး လှေကားထစ်တွေကိုလည်း ဖုံးပစ်တယ်။ သစ်ပင်ကြီးတွေပေါ်လည်း တက်နွယ်ယှက်သန်းနေလေတော့ သူ့ဥယျာဉ်ငယ်ဟာ ပန်းလိုဏ်ဂူကလေးဖြစ်နေသတဲ့။

နောက်ဆုံးတော့ လွမ်းစိတ်ကို မမျိုသိပ်နိုင်တော့ဘဲ အစ်မတစ်ယောက်ကို ပြောပြတော့ တစ်စတစ်စ ပြန့်ပွားပြီး သူငယ်ချင်းတွေပါ သိကုန်ကြရောတဲ့။ သည်အထဲမှာ မင်းသားကလေး ၁၆ နှစ်ပြည့်ပွဲကိုလည်း ကြည့်ဖူး၊ မင်းသားကလေးနဲ့ မင်းသားကလေးရဲ့ ခမည်းတော်ကိုလည်း သိဖူး၊ သူတို့နိုင်ငံရှိရာလည်း ရောက်ဖူးတဲ့ ရေသူမကလေးတစ်ယောက်ရှိတယ်။ "လာဟေ့ ညီမလေး" လို့ အစ်မများက ခေါ်ပြီး အားလုံး လက်တွဲလို့ မင်းသားကလေးနိုင်ငံဆီ လာကြတယ်။

သည်နန်းတော်ကတော့ အဝါရောင်ကျောက်တွေနဲ့ မွမ်းမံထားပြီး အဲသည်က ဆင်းလာတဲ့ ကျောက်ဖြူလှေကားဟာ ပင်လယ်အထိ ရောက်တယ်။ နန်းတော်က ရွှေပြာသာဒ်ကြီး အုပ်လို့၊ နန်းတော်တိုင်များကြားမှာတော့ လူပကတိ ထင်ရတဲ့ ကျောက်ဆစ်မိန်းမရုပ်တွေ၊ ယောကျ်ားရုပ်တွေ တည်ထားသတဲ့။ ပြတင်းရှည်ကြီးတွေရဲ့ မှန်တံခါးကနေ ကြည့်မယ်ဆိုရင် ကြီးကျယ်လှတဲ့ ခန်းမဆောင်ကြီးတွေမှာ ပိုးခန်းဆီး ဆီးထားတာတွေ၊ နံရံမှာ ပန်းချီကားချပ်တွေ ချိတ်ဆွဲခြယ်လှယ်ထားတာတွေ အကုန်မြင်နိုင်သတဲ့ ကျော်ရဲ့။ ရေသူမကလေးတွေဟာ တအံ့တသြ ငေးကြည့်နေရာမှ အကျယ်ဆုံးအခန်းကြီးထဲမှာ ရွှေပြာသာဒ်ခေါင်ထိအောင် တက်တဲ့ ရေပန်းတစ်ခုကို တွေ့တယ်။ နေရောင်ဟာ အပေါ်က ဖြာကျလာပြီး ရေပန်းပေါ်မှာ လူးလွန့်



mgyoe.com

